K MEDIA

**ပုံနှိပ်မှတ်တမ်း**

**နှစ်ဆယ့်တစ်ရာစု အရှုံးသမားနှင့် နှလုံးသားအပိုင်းအစကဗျာများ**
ဟိန်းဆက်သွင်

**ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊ ဇူလိုင်**

အုပ်ရေ- ၅၀၀

မျက်နှာဖုံးနှင့် အတွင်းဖွဲ့စည်းမှု- စိုးမင်းအောင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်- နန်းသဇင်
အမှတ် ၁၉၄၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ- K MOE MEDIA၊ (မြဲ-၀၅၀၈၀)၊ မိုးဝင်းမောင်၊
တိုက် ၆၀/၇၀၊ အခန်း ၂၀၅၊ ငုဝါအိမ်ရာ၊
ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။

**တန်ဖိုး - ၁၅၀၀ ကျပ်**

ဟိန်းဆက်သွင် ၈၀၈.၀၁
နှစ်ဆယ့်တစ်ရာစု အရှုံးသမားနှင့် နှလုံးသားအပိုင်းအစကဗျာများ၊
ဟိန်းဆက်သွင်
K MOE MEDIA၊ ၂၀၁၄။
စာ-၆၀၊ ၁၃.၃၃၅ စင်တီ×၂၀.၉၅၅ စင်တီ။
(၁) နှစ်ဆယ့်တစ်ရာစု အရှုံးသမားနှင့် နှလုံးသားအပိုင်းအစကဗျာများ


K MEDIA MOE
စာအုပ်လင့်ပေါင်းစုံ
နှစ်ဆယ့်တစ်ရာစုအရှုံးသမား
နှင့်
နှလုံးသားအပိုင်းအစ ကဗျာများ
ဟိန်းဆက်သွင်

# မာတိကာ


မေတ္တာကမ္ဘည်း
မောင်လှမျိုး (ချင်းချောင်းခြံ) ၆

• • •

၁ လက်ာဒီပနလုံးသား............................................ ၁၁
၂ စောင့်နေမိသူ................................................ ၁၂
၃ လမိုက် လိပ်ပြာ............................................. ၁၃
၄ အလွမ်းပွင့်.................................................. ၁၄
၅ အပူပိုင်းဖုံ................................................... ၁၅
၆ ပွင့်ဦးကြွေမှဖြင့်ကွယ်...................................... ၁၆
၇ ဥသြဝိုချင်း.................................................. ၁၈
၈ သမိုင်းပေးအမွေ............................................ ၁၉
၉ မိုးတော။ မယ်ဘွဲ့- ရတုပိုဒ်စုံ................................ ၂၁
၁၀ မယ်ဘွဲ့ပူပုံ ရတုပိုဒ်စုံ။ ။........................................ ၂၂
၁၁ တရားတု.................................................... ၂၃
၁၂ ကုစားခွင့်.................................................... ၂၄
၁၃ ဆည်းဆာရီ................................................. ၂၅
၁၄ ဆန္ဒနိက်ဲ့သို့................................................. ၂၆
၁၅ ဝေးနေရသော စက္ကန့်များ.................................. ၂၇
၁၆ ပုထုဇဉ်တဲ့ဟော့............................................. ၂၈
၁၇ အဝိဇ္ဇာဖုံးတဲ့ အသည်းနှလုံး.................................. ၃၀
၁၈ တစ်သက်စာအလွမ်း........................................ ၃၁

# မာတိကာ


၁၉ ကိုယ်ပေါင်း စိတ်ခွာ.................................................. ၃၂
၂၀ စကားလုံးမဲ့တဲ့ စကား................................................ ၃၃
၂၁ သံယောဇဉ်တေး....................................................... ၃၄
၂၂ ဥပုသ်သည်........................................................... ၃၅
၂၃ ပန်းနဲ့ လိပ်ပြာ........................................................ ၃၆
၂၄ ဂျာနယ်လစ်........................................................... ၃၈
၂၅ ကျန်ရစ်ပစ္စည်းများ................................................... ၃၉
၂၆ ငွေပန်းချီကားတစ်ချပ်............................................... ၄၀
၂၇ လျှောက်ထားခြင်း..................................................... ၄၂
၂၈ လမ်းကြုံ.............................................................. ၄၄
၂၉ မျိုသိပ်ထားသော သောကများ........................................ ၄၅
၃၀ ဝေး.................................................................. ၄၆
၃၁ ခေတ်သစ် ပါတော်မူ လေးချိုး ....................................... ၄၈
၃၂ ဇာတ်သိမ်းပိုင်း........................................................ ၅၀
၃၃ မပြည့်အိုး............................................................. ၅၂
၃၄ ရွက်ကြွေတစ်ခြမ်း..................................................... ၅၃
၃၅ အဖျော့တွက်ပုံပြင်..................................................... ၅၄
၃၆ ပိတောက်ဖွဲ့တေးထပ်.................................................. ၅၅
၃၇ ဟန်ကိုယ်ဖို့........................................................... ၅၆
၃၈ နှစ်ဆယ့်တစ်ရာစု အရှုံးသမား...................................... ၅၇

# မေတ္တာကမ္ပည်း

မောင်လှမျိုး (ချင်းချောင်းခြံ)

ကဗျာဆရာသည် စကားပြေသမားထက် ယုံကြည်ချက် ရဲရင့်သည် ထင်၏။ သူ့ကဗျာသည် မင်ရည်စွတ်စိုသည့် ကလောင်ဖျားမှ ပွင့်သန်လာခြင်း မဟုတ်။ သူ၏ ရင်မှ ပွင့်ဖူးလာခြင်းဖြစ်သည်ဟု ကဗျာဆရာသည် ယုံကြည်၏။ သူ့ကဗျာကို သူမြတ်နိုး၏။ သူ့ကဗျာကို အထိမခံ။ သူ့ကဗျာကို ခြင်ကိုက်မခံ၊ ယင်နားမခံ။ သို့ဆိုလျှင် သူ့ကဗျာကို ပုတ်ခတ်တို့ထိလာခြင်းကိုကား ကဗျာဆရာသည် အစွမ်းကုန် ကာကွယ်ပေတော့မည်။

ထိုသို့ဖြစ်သဖြင့် ကဗျာဆရာသည် သူ့ကဗျာကို အလွန်မြတ်နိုးသည့်နည်းတူ သူ၏ ကဗျာဆရာအဖြစ်ကိုလည်း အလွန်ဂုဏ်ယူတန်ဖိုးထားသူဖြစ်ပေလိမ့်မည်။ သင် မည်သူနည်း။ အမေးရှိပါက "ကျုပ် မြန်မာကဗျာဆရာပဲ" ဟု ကြည်နူးစွာ ဖြေမည်ဟု ယုံကြည်၏။ ထိုသို့ဖြေရသဖြင့် အလွန်လည်း ကျေနပ်ဂုဏ်ယူနေပါလိမ့်မည်။

သို့သော် သာမန်"ကဗျာဆရာ"လော၊ "မြန်မာကဗျာဆရာ"လောဟူ၍ကား ခွဲခြမ်းရဖွယ် ရှိမည် ထင်ပါ၏။

(ဆင်ဖြူကျွန်း အောင်သိန်း-
မြန်မာကဗျာအဆောက်အအုံသစ်၊ ကဗျာမဂ္ဂဇင်း)

ကဗျာဆရာဟူသောဂုဏ်ပုဒ်ကိုဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၏ အထက်ပါ စာ၊ ဂါကျများထက် ပိုမို၍ ကျွန်တော်မတင်စားနိုင်အပ်ပါ။ ပြီးပြည့်စုံသော စာ၊ ဂါကျတို့၏ အောက်မျက်နှာစာတွင်သာ ကျွန်တော်အနည်းငယ်မျှလိုက်ပါ တင်ပြနိုင်စွမ်းပေမည်။

***

နိုင်ငံ၏ ယနေ့အခင်းအကျင်းသည် ထန်းလျက်ခဲကို ပုရွက်ဆိတ်အုံနေသော၊ ငါးပွက်ရာတွင် ငါးစာချနေသော၊ ငါးစာချရာတွင်သာ ငါးပွက်နေကြရရှာသော အခင်းအကျင်းများပမာ ရင်မှာ ခံစားရှုမြင်ထားမိသည်။

ထိုသို့

ဤသို့

အုံထ၊ အုံခဲနေတတ်ကြရာ သဘာဂအစုအဂေးများထဲတွင် ကဗျာဆရာ

အဖြစ်ကို ဘဝနှင့် ရင်း၍ စုဝေးအုံခဲနိုင်သော အုံခဲဦးရေမှာ လွန်စွာ နည်းပါးနေမည်ဖြစ်ကြောင်း နိုင်ငံ၏ လက်ရှိအခင်းအကျင်းကို ကြည့်မောလျက် ရင်နာစွာ ကျွန်တော်သုံးသပ်လိုပေသည်။

ထို့ကြောင့်


သူများ ယောင်တိုင်း လိုက်မယောင်တတ်ကြသူများထဲတွင် ကဗျာဆရာသည် ထိပ်ဆုံးမှ ရှိနေမြဲဖြစ်ကြောင်း အထင်အရှား ခံစားသိမြင်တတ်ခဲ့သည်။

ကဗျာဆရာတို့သည် ကိုယ့်ယုံကြည်ချက်တွင်သာ ကိုယ့်ဘာသာ မြတ်နိုးအုံခဲလျက် ငါးစာချရာ ငါးပွက်ရာ အရပ်ဒေသရှိရာသို့ တံတွေးပင် လှည့်ထွေးလေ့မရှိကြသော စာပေတပ်ဦး၏ ဘဝသူရဲကောင်းများဖြစ်ကြောင်း ကဗျာအောင်လံတော်ကို လွှင့်ထူလျက် ကျွန်တော်အလေးပြု တင်စားအပ်ပါသည်။

သို့ကြောင့်

ကဗျာရေးသူ ကဗျာဆရာမည်သူမည်ဝါအားကျွန်တော်မည်ရွေ့မည်မျှ လေးစားအပ်ပါကြောင်း စာဖွဲ့ ဇာချဲ့မနေလိုတော့ပါ။

သူများ ယောင်တိုင်း လိုက်လိုက်ယောင်တတ်ကြသူ ယောင်ချာချာ ယောင်လည်လည် ယောင်ခြောက်ဆယ်များထဲ၌ (လုံးဝ) ပါဝင်ရောယောင်လေ့မရှိသော ကဗျာချစ်သူ၊ ကဗျာရေးသူများ အားလုံးကို လေးစားရိုကျိုးတန်ဖိုးထားလျက် တစ်သက်တာ ဂုဏ်ယူအားပေးနေပါကြောင်း မေတ္တာကမ္ပည်း ရေးထိုးအပ်ပါသည်။




မောင်လှမျိုး (ချင်းချောင်းခြံ)
2014.May.29
7:15 (PM)

ဟိန်းဆက်သွင်

နှစ်ဆယ့်တစ်ရာစုအရှုံးသမားနှင့် နှလုံးသားအပိုင်းအစကဗျာများ

# လက်ဘ်ဒီပနှလုံးသား

မပိုင်ပန်းမို့
မနိုင်မှန်းသိပေမယ့်
ပြိုင်စမ်းကြည့်မယ် သီတာရေ။

ထာဝရရက်စက်လို့
ရာမလက်ချက်နဲ့
ရာဝဏအသက် သေချင်သေ။

မုန်းမျက်မာန်ရှုပါတဲ့
အရှုံးလက်ကျန်ဘဝမှာ
ခဏသာ အတူရှိခဲ့ပေလည်း
အပူမိခဲ့လေတဲ့ အသည်းစိုင်မှာ
မခွဲနိုင် မခွာရက်ပေမယ့်
ကြမ္မာက မျက်နှာသာမပေးတော့
ကာလ ရက်ကြာ အဆွေးတွေနဲ့
တစ်သက်တာဝေးဖို့ ဖန်လာပေ
သံသရာရှည်ပေါ့ ဒဿအရှုံး။

ချစ်မိသမျှ ရင်နှလုံးကြေပါဘိ
အပြစ်ရှိက သင်ပုန်းချေပါတော့
သခင် အမုန်းတွေ ထပ်မတိုးပါနဲ့
နတ်ဆိုးလို အချစ်ပြင်းတာမို့
စစ်ခင်းကာ အနိုင်တိုက်ပေမယ့်
မပိုင်ထိုက်လေတဲ့ ကံက ပါတော့
မင်းရာမ လေးအခွင်းမှာ
သွေးချင်းချင်း ရေလောင်းချသလို
ခေါင်းကဆယ်ခိုင် မြေမှာသက်လို့
ဝေဒနာထွက်သက် ဘဝဆုံးတိုင်ထိ
(မယ်သီတာရယ်. . .)
မုန်းရက်နိုင်တုန်း။

## စောင့်နေမိသူ

သခင်လာနိုး၊ မြင်သာနိုးနဲ့
မျှော်ကိုးစောင့်စား၊ နလုံးသားလည်း
အားငယ်စိုးရွံ့လွန်းလှပြီ။

## လမိုက် လိပ်ပြာ

အိပ်မပျော်ခင်မှာ. . .
စိတ်ခေါ်နှင်ရာ မျော။

ပင့်သက်ခြွေ ခါခါချ. . .
ညရဲ့ အမော။

## အလွမ်းပွင့်

အလွမ်း တစ်မိနစ်မှာ. . .
ပန်းတစ်ပွင့်သာ ပွင့်ပါတော့။

အလွမ်း တစ်ရာသီဆို. . .
နန်းကျွှမှာ ဤမြေတစ်ဝှမ်း
ပန်းဖုံးမည်ပေါ့။

## အပူပိုင်းဇုံ

တစ်ခါလွမ်းလျှင်. . .
ကမ္ဘာတစ်ဝှမ်းတွင် ပန်းတွေမပွင့်။

တစ်မျက်နှာ အစဉ်မပြုံးဘဲ
တစ်သက်တာ သခင်မုန်းလျှင်ဖြင့်
စကြဝဠာ တစ်ခွင်လုံးမှာ
ခတ္တာ, ကြာ, သဇင်, ဂမုန်းတွေတော့
တုံးရှာမည်ထင့်။

## ပွင့်ဦးကြွေမှဖြင့်ကွယ်

အနအလှရယ်မင်စရာ
သမုဒယနွယ်ပင်ဖြာလို့
ခဘာဝဝယ် ရင်မှာရစ်ပြီကွယ့်
အကြင်နာဖြစ်လို့ ချစ်မိတယ်။

သံယောဇဉ် စိုကာလူးပေမယ့်
ပြန်ပြောရင် ကိုယ်သာအရှုံးလိုပ
ဖူးပျို့စ ရင်ပွင့်ပန်းကို
လှမ်းမလိုနဲ့ သူပစ်ပယ်။

ခင့် ဆံပွေ ကေသာမြမှာ
တင့်ဟန်စေ နေရာမရရှာတော့
ချစ်ကံခေ ဝေဒနာဘဝနဲ့
လွင့်ပုံကြွေ မြေမှာခပါလို့
ဖြေရာမရ ဗျာပါကြွယ်. . .
မာလာရယ် ခြောက်နွမ်း။

အမေ့ခက်ပေမယ့်
နေ့ရက်တွေ ရှည်ကြာညောင်းစဉ်
ဝေဒနာဟောင်းတို့ နေအဝင်မှာ
တစ်မေခင် တစ်ဖန်ရောက်လာလို့
ပန်ကောက်ကာ မူဟန်ဆင်လျက်
အယူခံဝင် ခင်လက်ကမ်းပေလည်း
ရင်ခက်ပန်း ခြောက်နွမ်းလေမှ
မောင့်အလွမ်းတွေ တဖန်မသစ်ချင်လို့
ကံအညစ်မှာ မခိုနားလေနဲ့
ချန်ရစ်ကာ လိုရာသွားပေတော့
ဟိုတစ်ခါများ အခွင့်ဦးပေမယ့်
ရင့်ရှူးရာ နွေရက်အလွမ်းတွေနဲ့
ဝင့်ဖူးကာ ဝေလျက်နွမ်းရင်း
လွင့်လူးရာ သွေ့ပျက်ကျွမ်းပါတဲ့
(ကိုယ့်အသည်းကကွယ်)
ပွင့်ဦးမှာ ကြွေတဲ့ပန်း။

****************

မှတ်ချက်။ ။
ဂီတနက်သန်ကိုစောညိန်း၏ ပွင့်ဦး သီချင်းကို
ရင်ခုန်ခံစား၍ မိမိကိုယ်ပိုင်ဟန်ဖြင့်
ပြန်လည် ဖွဲ့သီခြင်းဖြစ်ပါကြောင်း။

## ဥသြငိုချင်း

ပြန်ချင်ပြန်ပါ၊ မတားသာ၍
အားနာလက်ပြ၊ နှုတ်ဆက်ပါ့မယ်. . .
ဘဝနွေထဲ၊ နေရဲရဲအောက်
ကြေကွဲနောက်ကျို၊ သူ...မသိရှာ
ပူမိ... နာ, သည်း၊ ကျွမ်းကွဲ, ခြား
မှာလည်း ကြားမည်မထင်တော့။

ကြင်ဖက်ဖော်ဝေး၊ ဥသြလေးလို
လွမ်းတေးဆိုမြဲ ၊ တစ်ကိုယ်ထဲပါ
. . . . . . . . .
ခွဲခွာရင်မော၊ သောကတောမှာ
သံယောဇဉ်ဇာတ် ၊ သခင်ဖြတ်၍
ရင်လှပ်ခွေနှံး. . .
ရှင်လျက် သေဆုံးခဲ့လေပြီ။

## သမိုင်းပေးအမွေ

အို. . . အဆွေ
ငါတို့တွေသည်. . .
ဤမြေ မြန်မာ၊ ဤမြို့ရွာမှ
မွေးကာလူဖြစ်၊ ကြီးပြင်းရစ်၍
ချစ်သင့်ပေသည် ငါတို့ပြည်။

ထို့ကြောင့်အဆွေ၊ ငါတို့မြေ၏
သန္ဓေဗီဇ၊ သဘာဝနှင့်
မိရိုးဖလာ၊ ယုံကြည်ရာကို
ငါနှင့်သင်က၊ တူတကွဖြင့်
စောင့်ရှောက်သင့်သည် မဟုတ်လော။

ငါတို့ဘိုးဘွား၊ ချန်ရစ်ထားသည့်
ရိုးသားစိတ်ဓါတ်၊ ငါ့လက်ထက်တွင်
ရှေးထက် ခိုင်ကျည်မြဲရမည်။

ငါတို့ဘိုးဘေး၊ လက်ဆင့်ပေးသည့်
ရဲသွေးခတ်နိုပ်၊ မျိုးချစ်စိတ်လည်း
စေတသိက်မှာ ထင်ရမည်။

ငါတို့ဘီဘင်၊ ဖြစ်စေချင်သည့်
သခင်စိတ်ထား၊ နှလုံးသားလည်း
ဆပွားရင်ဝယ် တိုးရမည်။

ငါတို့မိဘ၊ ပေးဝေမျှသည့်
ဂီတစစ်မှန်၊ မြန်မာသံလည်း
ရှေးဟန်မပျက် ပီရမည်။

ငါတို့ရွှတ်ဖတ်၊ နဘေထပ်နှင့်
လင်္ကာစပ်ထုံး၊ ကာရန်သုံးလည်း
မပျောက်ဆုံးအောင် ထိန်းရမည်။

ငါတို့ဘာသာ၊ သာသနာ၏
မြတ်စွာဗုဒ္ဓ၊ ဆိုဆုံးမလည်း
ရှေးကထက်ပို တည်ရမည်။

ငါတို့ဖွားရာ၊ တိုင်းပြည်ရွာလည်း
မြေ, ယာ, လယ်, တော၊ ကောက်နံ့ပေါ်ကာ
သာမော စည်ပင်စေရမည်။

အို. . . အဆွေ. . .
ငါသည်မြန်မာ၊ ငါ့ပြည်သာအောင်
ငါ့ကိုယ်ငါပဲ၊ တာဝန်ခွဲတမ်း
လွှဲပြောင်းထမ်းရွက်၊ လက်ကမ်းဆက်စဉ်
မနက်ဖြန်မှာ၊ မလွှဲသာ၍
ငါသာ အရင်၊ သေခဲ့လျှင်ဖြင့်
အသင် ဆက်ကာ၊ စောင့်ရှောက်ပါလော့ . . .
သင့်မှာ တာဝန် ရှိသောကြောင့်။

## မိုးတော မယ်ဘွဲ့- ရတုပိုဒ်စုံ။ ။

ဟစ်ကြွေးမြည်လျက်၊ နောက်တောင်ဘက်က၊ တိမ်ခက်တိမ်ခဲ၊ အုံ့ညိုမဲ၍
အဖွဲ့တဖြိုက်၊ သွန်းပြီးခိုက်တွင်၊ အတိုက်တဖန်၊ အထန်တစ်ခါ
အကြာတညို၊ ရွာစေဖြိုးလျက်၊ လေမိုးသက်သော်၊ ရော်ရွက်မြေတိမ်း
စိုစိုစိမ်းတို့၊ ဖူးသစ်စို့ကာ၊ တချို့ပွင့်ဖူး၊ မြရည်လူးသည်…
မိုးဦးပဇ္ဇုန် သွန်းသောကြောင့်။

ချစ်တေးသီခက်၊ ဝသန်ရက်တွင်၊ လျှပ်နွယ်လျှပ်ပန်း၊ အာကာနန်း၌
ဝင်းဖြန်းခြိမ်းချုန်း၊ သူရိန်ပုန်း၍၊ နွေဆုံးမိုးစ၊ ဝါဆိုလဝယ်
ခွေလျှမရှင်၊ မောင့်ဖြစ်အင်မှာ၊ ဖက်ကြင်မဲ့ကင်း၊ ချစ်သက်နှင်းနှင့်
ကွေကွင်းဖော်ဝေး၊ ဘဝပေးကြောင့်၊ ပူဆွေးမပြေ၊ လွမ်းမှုပွေသည်…
လေမိုးသည်းထန် လွန်းသောကြောင့်။

ရစ်ထွေးချည်ယှက်၊ ဖြတ်ရခက်သော၊ နှောင်ပတ်တွယ်ငင်၊ သံယောဇဉ်ဇာတ်
သခင်ဖြတ်လည်း၊ မပြတ်တည်မြဲ၊ မောင့်အသည်းတွင်၊ စွဲထင်ချစ်မက်
မုန်းရေးခက်၍၊ မိုးရက်ဝသန်၊ ထစ်ချုန်းမာန်ဝင်း၊ ထန်လေပြင်းလည်း
ရင်တွင်းမငြိမ်း၊ သောကကိန်း၍၊ ချုပ်ထိန်းမတည်၊ ဖြေမဆည်သည်…
မျက်ရည်ဝေသီ စွန်းသောကြောင့်။

မယ်ဘွဲ့ပူပုံ ရတုပိုဒ်စုံ။ ။

မြဖယောင်းသွင်၊ လှညောင်းဆင်၍၊ ရွှေစင်သွန်းထု၊ တင့်မျိုးစုသော
ငယ်နုရုပါ၊ နွဲ့မူရာနှင့်၊ သူဇာနတ်မျိုး၊ လှခေါင်စိုးကို
မြတ်နိုးစုံမက်၊ ချင်ပါလျက်လည်း၊ နေ့ရက်လွန်ဟောင်း၊ ရာသီညောင်းကာ
လပြောင်းနှစ်တိုင်၊ ခွင့်မပိုင်၍၊ သည်းစိုင်နှင့်ကျွမ်း၊ တ,သတမ်းလျက်
လွမ်းရက်ရှည်ရေး၊ ဘဝပေးသည်... ဖော်ဝေးရက်ကြာလေတကား။

လတပေါင်းတွင်၊ ညကောင်းကင်ဝယ်၊ ဘော်ငွေကြယ်နှင့်၊ တိမ်ကွယ်မှောင်ဖုံး
လွတ်ရှောင်ရှန်းလာ၊ ဝန်းသော်တာမှ၊ ဝေဖြာအလင်း၊ မြေသို့ခင်းစ
သာသောည၌၊ ယုန်လစန္ဒာ၊ ဘော်ငွေသာဝယ်၊ ပြုံးကာရယ်မောj
တင့်သောရုပ်သွင်၊ ပုံရိပ်ထင်သည့်၊ ကြင်မိမှားခက်၊ လှမျိုးသက်လျာ
ချစ်မျက်နှာလေး၊ ကြည့်ကာဆွေးသည်... မျှော်ငေးလျက်သာနေတကား။

ဘဝနှောင်းလျှင်၊ စုံကြောင်းထင်လာ၊ မယှဉ်သာပြန်၊ ရင်မှာခံစား
ကံတရားလေ၊ မိုးနှင့်မြေလွှာ၊ တစ်နေရာစီ၊ လှမ်းကွာသည်မို့
မျိုးရည်ဂုဏ်တင့်၊ နတ်ပန်းပွင့်ဟန်၊ ပင်မြင့်စံကို၊ မကြံ့ရက်ရဲ
ကံဇာတ်နည်းသူ၊ နွံမချူတော့၊ သည်းပူရင်နှင့်၊ ဗျာပါဆင့်၍
သခင့်အဝေး၊ တိမ်းရှောင်ပြေးသည်... ခေါ်ရေးခက်ပါချေတကား။

တရားတု

မေတ္တာကမ္ဘာဗြာန်း
သူ စီးဖြန်း. . .
ခြင်ကြမ်း မကိုက်ခင်ချိန်ထိ။

## ကုစားခွင့်

နှုတ်ဆက်စကားကိုတော့
ရုတ်တရက် မကြားပါရစေနဲ့ ဘုရား။

လမ်းခွဲရိပ်မြင်လျှင်
ဝမ်းနည်းစိတ် ဝင်ချင်မိသူအဖို့
သခင်ခွဲခွာ ကြမ္မာအလိုအရ
ဘဝင်အသည်းနာ တစ်ခါထိုဘဝမှာဖြင့်
ရင်ကွဲကာ ကမ္ဘာပြိုကျမှတော့
(အရှင်ရယ်. . .)
ကဗျာနဲ့ပဲ ငိုပါရစေသား။ ။

## ဆည်းဆာရီ

မပိုင်ထိုက်နိုး၊ စိတ်တော်ညှိုး၍
တစ်မိုးချုပ်စ၊ နေဝင်ညဝယ်
နှမနှုတ်ဆက်၊ လမ်းခွဲရက်သည်. . .
တစ်သက်မမေ့ပါတကား။

## ဆန္ဒန်ကဲ့သို့

သုဘဒ္ဒါလို၊ အစွယ်ကိုများ
လိုသလားကွယ်. . .

လိုနေတယ်ဆို၊ သောနုတ္တိုရ်အား
ကိုယ်စားမလွှတ်လိုက်ပါနဲ့။

သခင်ကိုယ်တိုင်၊ ရင်ကိုလှိုက်တူး
အသည်းဦးကို၊ ဆိပ်လူးမြားခွင်း
သေစေခြင်းအား၊ ပေးသနားလျှင်
ဆန္ဒန်ဆင်မင်း၊ အစွယ်ရင်းအား
လွှသွားထက်ထက်၊ ကိုယ်တိုင်ဖြတ်လျက်
ခင့်ကိုဆက်မည်. . .
အသက်မသေခင်လေးမှာ။

## ဝေးနေရသော စက္ကန့်များ

အချိန်နဲ့မျှ၊ သတိရတယ်
ရှေ့ကစာဆို၊ ကဗျာလိုရေး
တေးလိုသီကုံး၊ ပြောခဲ့တုန်းက
လုံးဝမယုံခဲ့မိဘူး။

အခုတော့ကွယ်. . .
ကိုယ်တိုင်တွယ်ငြိ၊ ချစ်ခဲ့မိမှ
သတိရခြင်း၊ တမ်းတခြင်းလေ
ဒီဝေဒနာ၊ နေ့တစ်ရာကဲ
ဖြေရာလည်း မဲ့၊ အသည်းနဲ့မို့
စွဲလမ်းစိုးစိတ်၊ တရိပ်ရိပ်နှင့်
အဆိပ်ပျံ့နှံ့၊ မရပ်တန့်ဘဲ
စက္ကန့်တိုင်းမှာ လွမ်းနေသည်။

## ပုထုဇဉ်တဲ့ဟော့

ဘုရားသာသနာတစ်ခေတ်မှာ
အမှားကြမ္မာအပြစ်တွေပြည့်လို့
တရားမရှာဖြစ်ခဲ့လေတော့
သနားစရာအဖြစ်တွေနဲ့
အငှားခန္ဓာ အသစ်တွေပိုင်။

အနုသယအစွဲအတွက်
သမုဒယဝဲဂယက်မှာ
အခုဘဝလည်း ဆက်ကာရှုံး
ရုန်းထွက် မနိုင်။

လောဘတွေ အပြိုင်အဆိုင်နဲ့
မာနတွေ လှိုင်လှိုင်ကဲပါလို့
မမြဲတဲ့ ရုပ်နာမ်နှစ်ဖြာ. . .
သရုပ်မမှန်စွာ ငါကောင်စွဲလေတော့
ငါ့ကိုယ်ငါပဲ အဟုတ်ထင်
ငါ့ပလ္လင် ငါ့အာဏာ. . . ငါ့ရာထူး ငါ့စည်းစိမ်
ငါ့အိမ် ငါ့ကား. . . ငါ့သား ငါ့သမီး
ငါ့ဇနီး ငါ့မြေ. . . ငါ့ရွှေ ငါ့ပစ္စည်း
အချစ်ကြီးလေသမျှ မပိုင်
အပြစ်မီးစိုင် လောင်ကာစွဲ။

အမှောင်ကမ္ဘာထဲ သံသရာရှည်ရင်း
ကံကြမ္မာတွေ အစုစုပေါင်းလို့
ခန္ဓာတွေ တစ်ခု တစ်ခုပြောင်းပါလည်း
ခေါင်းမာမြဲ ခေါင်းမာဆဲပေမို့
လွဲနေနေ အဝိဇ္ဇာဖုံးတော့
နှလုံးမလှစရာ အထပ်ထပ်နဲ့
မဆုံးဘဝကြာ တစ်ဇာတ်ဇာတ်ကူးရင်း
ငါးခုံးမပမာ တဖျတ်ဖျတ်လူးကာ
ကိလေသာ အမူးအမော်ဖြေရင်း
(အင်း)
မြူးပျော်မှာပဲ။

## အဝိဇ္ဇာဖုံးတဲ့ အသည်းနှလုံး

လူတိုင်းမကြုံရတဲ့. . .
အပူပိုင်းဖုံ ဘဝပါမေ။

ဖြစ်သမျှသံသရာမှာ
ချစ်ရက်မပါတော့
ဖန်လာတယ် ဝဋ်ကြွေးကြမ္မာက
မလွတ်သေးတာ သေချာနေ။

လွမ်းစိတ်ရယ် ဖြေမပြေ. . .
နွေကုဋေ ရင်မှာကဲ။

နွမ်းအသိမောပါရဲ့. . .
မကျွမ်းသည့်တော ဝင်္ကပါတစ်လျှောက်မှာ
ကြင်ရာပျောက်ရှာ တောကစားထွက်တော့
တောမှောက်ကာတဝဲလည်လည်နဲ့
သည်းငယ်သူ စမ်းတဝါးလျှောက်စဉ်
လွဲဖယ်ယူ လမ်းမှားရောက်ပါလို့
ကြောက်စရာ သောကနွံအတွင်း
ကျွံဆင်းကာ နစ်သထက်နစ်လည်း
(ဟောဒီကောင် အမိုက်အမဲက)
ချစ်သထက် ချစ်ဆဲ။

## တစ်သက်စာအလွမ်း

မေ့မရလေတော့. . .
မနေ့ကလို စိတ်မှာထင်။

အိပ်မက်ရွာ အလွမ်းရက်မှာ
အခန်းဆက်လို့ မက်ကာမြင်။

ခွဲစမ်းပါသခင်. . .
သည်းနှစ်ခြမ်း ရင်မှာမဆက်။

သခင်ခွဲပေမယ့်. . .
ရင်ထဲမှာ တ,သတမ်း
လွမ်းပေ့ါ တစ်သက်။

## ကိုယ်ပေါင်း စိတ်ခွာ

မျက်နှာချင်းဆိုင်၊ လက်ချင်းကိုင်ဆွဲ
ပြုံးပြတိုင်းလည်း မယုံဘူး။

တကယ်အရင်း၊ သူငယ်ချင်းပဲ
ပြောနေတိုင်းလည်း မယုံဘူး။

မျက်နှာချင်းလွှဲ၊ လက်ချင်းခွဲကာ
ကျောခိုင်းတာနဲ့. . .

တကယ်အရင်း
သူငယ်ချင်းပဲ ဖြစ်ဖြစ်. . .

စိတ်တွေရင်းနှီး
မိတ်ဆွေရင်းကြီး ဖြစ်ဖြစ်. . .

ကိုယ်လစ်တာနဲ့၊ မျက်နှာကို ရွှဲ့
နှုတ်ခမ်းမဲ့လျက်၊ နောက်ကျောဘက်အား
ဓါးဖြင့်ထိုးပေါင်း များခဲ့၍. . .။

## စကားလုံးမဲ့တဲ့ စကား

နှလုံးသားကကြင်နာလျက်နဲ့
သချ်ာတွက်တဲ့ အချစ်ရေ။

အလွှာမမျှ ဂုဏ်မညီပါလို့
ပကာသနဘုံမဟီမှာဖြင့်
ယုံကြည်စွာ ပုံအောချစ်သူအား
ပုံပြောကာ စကားအဖြစ်နဲ့
ထားရစ်ခဲ့ပေ။

ညခင်းမှာ ဝါဝါထင်ပါတဲ့
လမင်းသာ တစ်ခါမြင်တာကို
ငိုရှာတယ် ယူမှာပဲရယ်နဲ့
ပူဆာရဲတဲ့ အဖြစ်ပမာထပ်ကာ
တူစွာန္တဲခဲ့ မေတ္တာဇာတ်မှာလည်း
သစ္စာပျက်ကာ တစ်ခန်းရပ်စေဖို့
လွမ်းတတ်သူမှာ အလှတစ်ပါးနဲ့
ဘဝခြားတာက မိုးနဲ့ မြေ. . .
ဆိုးခဲ့လေပေ့ါ။

အမျိုးမှန် ခြသေ့်ဆီဟာ
အဖိုးတန် သိဂီရွှေခွက်မှာမှ
အသရေတက်ကာ ဂုဏ်တင့်မှာမို့
ယုံချင့်ကာ စိတ်ထားယူ၍
နိမ့်ပါးသူ ကြည်ဖြူပေးပါ့မယ်
မမီသူ ကိုယ့်ကိုထားကာ
အခြားလူ ဖော်အသစ်နဲ့
(အချစ်ရယ်)
ပျော်ရစ်ပေတော့။

## သံယောဇဉ်တေး

တစ်ယောက်တစ်ကွဲ . . .
(သူ)ဘယ်လောက်ပဲ မုန်းမုန်း
မောင့်အသည်းနှလုံးက
ကျောက်ခဲတစ်တုံးမဟုတ်လေတော့
(အချစ်ရယ်)
နောက်လည်း လွမ်းလို့နေဦးမယ်။

## ဥပုသ်သည်

အပေါင်းဖော်တို့နဲ့. . .
ကျောင်းတော်သို့ ခြေလှမ်းဝင်
ရွှေညွှတ်အောင်ဆင်။

ဘဝကိုမမြင်. . .
အလှပြင်ဖို့ မှန်ကိုထုတ်။

(ကြီးဒေါ်ရေ. . .)
ခန္ဓာအတွက် မရှုပ်နဲ့
သံသရာအတွက် လုပ်။

## ပန်းနဲ့ လိပ်ပြာ

အလွမ်းလိပ်ပြာကလေးက
ပန်းအရိပ်မှာ အသွေးလှစွာနဲ့
မွှေးမြကာ နားခိုသလားကွယ်။

ပန်းမျက်နှာ လိပ်ပြာငေးစဉ်ပေါ့
လွမ်းရက်ကြာ စိတ်မှာတွေးချင်ရဲ့
တမ်းလျက်သာ အတိတ်ကမ္ဘာလေးဆီသို့
ကြိတ်ကာဆွေးလို့ တဝဲလည်လည်။

ရနံ့တသင်းသင်းနဲ့
ဖြန့်ခင်းတဲ့ ပန်းအနားကို
လမ်းသလားကာ လိပ်ပြာဝဲပေမယ့်
ပန်းစကား လိပ်ပြာမတတ်ရှာတော့
အလွမ်းများ စိတ်မှာကပ်ပါလို့
ဇာတ်နာရဖို့ မရှုမလှကွယ်
မတတ်သာလှသမို့ အခုဘဝဝယ်
သမုဒယဆိုတဲ့ ထိုနယ်ပယ်
ကိုယ်တကယ် အရောက်မှားပြီပဲ။

အလှမ်းဝေးပြီထင့်. . .
အနမ်းပေးရင် တိမ်းရှောင်သမှုနဲ့
ပန်းကလေးမခင် စိမ်းယောင်ပြုလေတော့
အနအလှရှာ စိတ်မှာမပျော်ခဲ့လို့
အခုဘဝမှာ လိပ်ပြာဖော်မဲ့၍. . .
ခေါ်မယ့်အကြံ လက်လျှော့လိုက်ပါရဲ့
ဒီတစ်သက်တော့ ပန်းဝတ်ရည်ကို
လှမ်းဆွတ်ခြွေဖို့ လိပ်ပြာမဝံ့ပါဘူး. . .
သိက္ခာစွန့်ကာ အပူတစ်စနဲ့
စိတ်မှာရှို့တာ မတူဘဝမို့. . .
အယူအဆ မတူလည်း
သူမှ သူပဲ လိပ်ပြာလေးထင်တော့
ကြိတ်ခါဆွေးချင်စမြဲပါပဲ. . .
စိတ်မှာတွေးထင်ဆဲမှာလည်း. . .
(ပန်းကလေးရယ်)
လိပ်ပြာလေး ရင်ကွဲ။

## ဂျာနယ်လစ်

သတင်းဦးယူချင်လို့
ရှူတင်တွေ ရောက်။

ဟိုမင်းသား ဘဝင်ရူးမို့
အင်တာဗျူး မဖြေမှာကြောက်. . .
(ဩော်. . .)
အနုပညာသတင်းထောက်။

## ကျန်ရစ်ပစ္စည်းများ

ပင်ယံကိုင်းဖျား၊ ငှက်ငယ်နားပြီး
ထသွားပျံတက်၊ ကျန်ကိုင်းခက်မှာ
လှုပ်လျက်ကျန်ရစ်ခဲ့စမြဲ။

ရေပြင်ထက်လှာ၊ ခဲသက်ပါက
ကျကာဆင်းသက်၊ ရေပြင်ထက်မှာ
ဂယက်ရိုက်ခတ်ခဲ့စမြဲ။

ဪ. . .
ကြင်နာတွယ်ငင်၊ မောင့်ရင်ခွင်မှာ
သခင်ခိုယှက်၊ မှီတွယ်လျက်မှ
တွဲလက်ဆုပ်ပြေ၊ ခွဲရက်လေလျှင်
ကျန်သူရင်မှာ၊ ရေပြင်လှုပ်ခတ်
ကိုင်းဖျားဆတ်ခါ၊ ပမာလိုပဲ
လွမ်းအစွဲနှင့်. . .
အသည်းလှုပ်ခတ် ကျန်ရစ်ပြီ။

## နွေပန်းချီကားတစ်ချပ်

နွေရက်ဟာ မနှောင်းသေးပါဘူး. . .
ကြွေရွက်ဝါ အဟောင်းလေးတွေက
မြေထက်မှာ လျောင်းကွေးပျော်တော့
ဖြေခက်စရာ အကြောင်းလေးတွေနဲ့
ပေါင်းရေးခက် ဝေးကြလေပြီမို့
တွေးသမျှမပီ ဝေဝေဝါးပြီကွယ်။

အလွမ်းဖြေခက်ပေမယ့်. . .
နွမ်းနွေရက်မှာ မပီမသအတွေးတွေနဲ့
ပန်းချီစရေးမယ့် စိတ်အစဉ်မှာ
ဒီဘဝဝေးခဲ့ အတိတ်သခင်သာအမြဲ
ညီမလေးရဲ့ အရိပ်အသွင်ဟာလည်း
အမြင်အာရုံထဲ တရစ်ဝဲဝဲပေါ့. . .
ချစ်အစွဲ မပြယ်သောကာအဆွေးတွေနဲ့
ခစ်ခနဲ ရယ်မောသံလေးတွေကိုတောင်
ကြားယောင်နေမိတယ်။

ဝေးရက်ရှည် တစ်ယောက်ဘဝမှာ
ဆေးစက်တွေ မတောက်ပတော့ပေမယ့်
လျှောက်သမျှပူတဲ့ လမ်းမကြီးထက်မှာ
နောက်ကျသူရဲ့ လွမ်းဘဝခရီးဆက်ဟာ
အပြီးသတ်စရာ ကမ်းမမြင်လည်း
လွမ်းသခင် သူ့အကြောင်းတွေးလို့
နွမ်းရင်မှ ဆုတောင်းပေးရင်းပေါ့
တစ်ခုပြီးတစ်ခုပြောင်းတဲ့ ရက်, လ, နှစ်တွေမှာ
တစ်သက်, တစ်ဘဝ, တစ်ချစ်နဲ့ မြဲပါရစေတော့
ခွဲခွာရပေမယ့် ပျော်ပါစေအချစ်ရယ်. . .
တော်ရာဝယ် ကိုယ်ရှောင်တိမ်း။

တွေးသမျှလေ. . .
ဆေးစတွေ အရောင်ခြယ်ပြန်လည်း
လျောင်ရယ်ဟန် နှုတ်ခမ်းလှာရယ်က
ပန်းပမာသဖွယ် ပန်းချီရှုံးလောက်ထင့်
လွမ်းစရာကြွယ် အရီ(ရယ်)အပြုံးတွေအောက်မှာ
ဒီအရှုံးတွေ နောက်တစ်ခါ မဖြေတတ်ပြန်တော့
နွေဇာတ်မှာ သီလျတေးဆိုလို့
ညီမလေးကို တမ်းတမိလေရဲ့
နွမ်းလျလျှင် ဖြေကာတွေးလေတိုင်း
လွမ်းသမျှရင် နွေမှာမအေးနိုင်တော့
မှန်းဆစဉ် ဝေဒနာအဆွေးတွေက
ဝေးလေသမျှ ရက်ကြာလာလေလည်း
မြင်စရာ တစ်သက်လုံး မရှိတော့လေတဲ့
အကြင်နာ မျက်လုံးအကြည့်ကလေးတစ်ချက်ကိုဖြင့်
(ညီမလေးရယ်. . . ကိုယ့်ရင်ထဲမှာ)
တစ်သက်တာ သိမ်း။

## လျှောက်ထားခြင်း

သမုဒယ အတွယ်အတာမြဲလို့
ခုဘဝ ဖယ်ခွာမရဲရုံမက
နွယ်ပမာလည်း ရစ်ထုံးချည်၍
ဆယ်ကမ္ဘာမခွဲ ချစ်ဦးမည်ပေါ့
သည်လိုပြောတော့ ပိုတယ်ထင်။

အမှန်ပါလေ. . .
သံသရာရှည်ချင် ရှည်စေတော့
မေကြိုးဆွဲရာ တလူပ်လူပ်ကမယ့်
အရုပ်တစ်ရုပ်ဘဝနဲ့ မေ့အနားမှာလည်း
နေ့များစွာ ကိုယ်နေချင်။

ဘာဖြစ်ချင်ပါသလဲ
ကမ္ဘာသစ်တွင် နေချင်သလားတဲ့. . .
လူ့ပြည်နဲ့ မနီးသော
ဇမ္ဗူသပြေသီးကို စားချင်သလားတဲ့. . .
အပြောမတတ်ပေမယ့်
အနောဝတတ်အိုင်က
ရေကြည်တော်တစ်ပေါက်လောက်
သောက်ချင်သလားတဲ့
လျှောက်တင်ထားချင်ပါတယ်. . .
သည့်နယ် အပိုမပြောတတ်ပေမယ့်
လိုအပ်ရာ ဖြည့်ဆည်းနေချင်ရဲ့
မေ့အနီးမှာဖြင့် ထာဝစဉ်
မခွာချင် မခွဲချင်ဘူး။

ဒါပေမဲ့သခင်ရယ်. . .
မမြင်ကွယ်ရာ မသွားပါနဲ့
ပင်လယ်ပြင်ခြားလည်း လိုက်လာမယ်. . .
ဆုတ်ကာ မသွားပါနဲ့
သမုဒ္ဒရာခြားလည်း ကူးလာမယ်. . .
ရှူးပါတယ်ဆိုစေတော့. . .
မေ, ထားသလိုနေ. . . မေ, စေသလိုသွား
မေ့စကားဆို ယုံမှတ်လွန်းလို့
ပုံအပ်ကာ ဘဝပေးပ့ါမယ်
ခဏလေးတော့ မဖြစ်လောက်ဘူးထင်ရဲ့
အသစ်တစ်ယောက် မကူးပါနဲ့တော့
(သံယောဇဉ်ဆူးကလေး)
တစ်ဆစ်လောက် စူး. . . စူး. . . စူးခဲ့လို့
(မေရေ. . . ကိုယ့်မှာဖြင့်)
အချစ်ကြောင့် ရှူး. . . ရှူး. . . ရှူး။

## လမ်းကြုံ

လွမ်းနေရခြင်း၊ တမ်းတခြင်းကို
လေညင်း သူ့ထံ ပြောပေးပါ။

သတိရခြင်း၊ မောလျှခြင်းကို
လမင်း သူ့ထံ ပြောပေးပါ။

မေ့မရခြင်း၊ တ,သခြင်းကို
ပန်းခင်း သူ့ထံ ပြောပေးပါ။

ညမှာလမင်း၊ နွေလေညင်းနဲ့
ပန်းခင်းလေးတွေ၊ တွေ့ခဲ့ပေက
လွမ်းနေရသူ၊ တမ်းတသူ၏
အပူဆင့်ပွား၊ လမ်းကြုံပါးသည့်
မှာကြားလိုဟန်၊ စကားသံကို
သည်းခံနားထောင်ပေးလိုက်နော်။

## မျိုသိပ်ထားသော သောကများ

သူသိမှာ. . . စိုး၊ တိတ်တခိုးနဲ့
စိတ်ညှိုးမရွှင်၊ မတင်မကျ
လွမ်းနေရလည်း. . .
အသည်းဒဏ်ရာ၊ ဝေဒနာသဘော
ပြောမပြသာ၊ သောကမှာ နစ်
အချစ်အတွက်၊ ရတက်မှုပွေ
ကြွေ, ကြွေသမျှ၊ နေနေရလည်း
ဖွင့်ဟအခက်၊ တရက်ရက်နဲ့
အသက်ဆက်လွမ်း၊ မျိုသိပ်တမ်းတ
ဝေးဝေးကသာ၊ ချစ်နေပါမည်. . .
ချစ်သည့်ကိုပင်၊ သခင်သိမှ
မျက်ရှုမာန်ငြိုး၊ စိတ်တော်ဆိုး၍
စိမ်းမိုးရှာမှာ စိုးသောကြောင့်။

ဝေး

အိပ်မက်သခင်ရယ်. . .
မထိမ်ဝှက်ဘဲ နေချင်ပါသော်လည်း
ငြိမ်သက်ဆဲ ရေပြင်လွှာပေါ် သို့
ခဲပစ်ကာ ဂယက်မထစေလို၍
အသည်းသေတ္တာ အသက်တမျှလှို့ပိတ်လျက်
မျိုသိပ်ခဲ့တယ်။

မဖြေသာသေးပေမယ့်
အသေအချာတွေးလေတဲ့ ခဏအတွင်းမှာ
ဝေဒနာလေးတွေရဲ့ အစအရင်းဟာလည်း
ဘဝချင်းကွာ အလှမ်းဝေးပါတဲ့
ပန်းကလေးနဲ့ ပိုးတွဲလဲပမာ
အကျိုးနည်းစွာ မဆုံတတ်ခြင်းလို့
ယုံမှတ်ရင်း ကြည်ဖြူမယ်။

အမှန်ကို ဝန်ခံရရင်ဖြင့်
ကံကို မလွန်ဆန်ပါရစေနဲ့
အန္တိမ်တာခံ ဘဝအမောတွေက
တစ်ညပြောရုံ ပုံပြင်မဟုတ်လေတော့
အကုန်အစင်ထုတ်ကာ ပြရင်ဖြင့်
ကြောင့်ကြစရာ အဖုံဖုံနဲ့
တောင့်တရာ မဆုံခဲ့သမို့
မောင့်ဘဝမှာကြုံတဲ့ အချစ်အလွမ်းတွေက
တစ်ထောင့်တစ်ညကြာ ပုံပြင်ဇာတ်လမ်းရှည်ပမာပဲ
မှတ်တမ်းတွေသာ ဆုံးသွားပေမယ့်
အရှုံးသမားမှာဖြင့် မေ့မလွယ်
နှလုံးသားဝယ် ကမ္ပည်းထွင်း။

သွားအတူ စားအတူ
ကစားအတူ ငယ်ဘဝဆီက
တွယ်သမျှချည်တဲ့ သံယောဇဉ်တွေဟာ
အမှန်သဘောပင် အသစ်ရစ်ပါလို့
ပြန်ပြောရင် အချစ်ဖြစ်လာတော့
မေတ္တာတွေ ရင်မှာပျိုးပါတဲ့
အကြင်နာသူခိုးလေးဘဝဟာလည်း
တစ်မျိုးတွေးရင် အနေခက်ပါရဲ့
ရွှေမျက်နှာ အလိုတော်ကျစေဖို့
နွေရက်ကြာ တစ်ကိုယ်တော်ဘဝနဲ့
ဖွင့်ဟကာ မလှမ်းဝံ့ပါဘူး. . .
သခင့်ဘဝဟာ ပန်းပွင့်ဆိုရင်တောင်
ပင်မြင့်စံ တော်ဝင်ထိုက်သမို့
မျှော်ရင် မိုက်ရာကျလိမ့်မယ် ထင်,ထင်ပါရဲ့
(ဒါပေမဲ့ကွယ်)
ကြင်နာခဲ့မိသူက နေ့ဆိုရင်
ရင်နာမချိခဲ့သူက ညပါ. . .
နေ့နဲ့ ညတို့ ပုံပမာ ဟိုးကာလကတည်းက
တွေ့ခဲ့ကြဖို့ မဆုံတာ သဘာဝပဲမို့
မေ့ခဲ့ရဖို့ ကြုံလာတဲ့  ပကာသနပွဲမှာတော့
(အချစ်ရယ်. . . တို့နှစ်ဦးက)
ထာဝရအမြဲ သူငယ်ချင်း။

# ခေတ်သစ် ပါတော်မူ လေးချိုး

တတိယ အင်္ဂလိပ်မြန်မာစစ်အရှုံးမှာလ
ခတ္တိယမင်းအရိပ်ဟာ တစ်ခေတ်သုန်းပါလို့
နဝင်းပြို့ွာ တန်ဆောင်မုန်းမှာဖြင့်
ဘုန်းသမ္ဘာ မထင်မရှားဘဝနဲ့
အရှင်နှစ်ပါးလည်း ပါတော်မူ။

မထောက်ထား ရှိရှိသမျှလေ. . .
သဘောက်သား ဗြိတိသျှတွေက
ငမောက်ပတ္တမြားအပါအဝင်
နန်းစဥ်ရတနာ အဖြာဖြာနဲ့
တိုင်းမြန်မာ တစ်ပြည်လုံးကို
သိမ်းကျုံးလို့ ယူ။

ဆိုလိုသည် အလွန်ခက်စရာပ
ကိုလိုနီကျွန်တစ်သက်မှာလ
မြန်မာမင်းအဆက်ဆက်ဆီက
မပျက်မကွက် တန်ဖိုးထားခဲ့ရာ
ကဗျာ စာပေ ဂီတ အနှစ်တွေဟာ
ကြာလာလေ မပီမသ ဖြစ်လာပေါ့
နှံ့နှစ်ကာ ပျောက်လုလုမှာဖြင့်
ထောက်ရှုကာ ထိန်းသူရှိခဲ့လည်း
တကွဲတပြားတော့ ပါတော်မူ. . .
နမူနာ ထင်ရှား။

သြော်. . . အခုလည်း
တုယူစရာ ထိုပမာလိုပဲ
သူ့အမူမှာ လိုရာကိုဆွဲလို့
တလွဲယူ အနောက်ဟန်တွေနဲ့
အစွဲအယူ ဖောက်ပြန်နေရှာတော့
မြန်မာဟန် ယဉ်ကျေးမှုဓလေ့ကို
တစ်ခါပြန် အစဉ်ရှေးရှုဖို့ မေ့နေပြီထင်ရဲ့. . .

တွေ့လေရာ ခေတ်နောက်လိုက်ပါလို့
ခေတ်အကြိုက် ခေတ်ရေစီးမှာ
မျောပြီးရင်း မျောနေကြရင်ဖြင့်
အစောလျှင် တစ်ခေတ်အလွန်က
ကျွန်ဘဝ ပါတော်မူခန်းကို
စာတော်ယူ အသွင်ဆန်းပါလို့
အစဉ်လွမ်းကာ အမှာပါးလိုက်မယ်. . .
(အိုကွယ်. . .)
မြင်စမ်းပါ မြန်မာများ။

## ဇာတ်သိမ်းပိုင်း

အကြင်နာသခင်ရယ်. . .
ရင်မှာအစဉ် အနုသယနွယ်လို့
မမြင်သာလျှင် သမုဒယနယ်မှာ
အခုဘဝဝယ် နေစရာမရှိပြီကွယ့်
ယုယတွယ် ဖြေကာကြည့်လေတော့
ဝေဒနာငြိလို့ အလွမ်းပွေ။

မပြီးသေးတဲ့ ချစ်ကံခေဇာတ်မှာလည်း
ကြီးလေးတဲ့ ပြစ်ဒဏ်တွေခတ်ဖို့
မာန်နတ်ကပဲ အဖျက်ဝင်သလား
တစ်သက်မမြင်ချင်စရာ အငြိုးဖွဲ့လို့
အခက်အပင်ဖြာမှ ချိုးဖဲ့တော့
ပျိုးခဲ့ဖူးတဲ့ အချစ်ပင်လည်း
မပွင့်ခင်မှာ ခြောက်နွမ်းကြွေ။

မကြင်ရဲ့သမျှ. . .
ရင်ထဲက နေအစင်းတစ်ထောင်နဲ့
ရှင်ကွဲဘဝ ကွေကွင်းအောင်လို့
လျောင်ပြောင်ကာ ကြမ္မာဖျက်တော့
ကမ္ဘာပျက်သလို ရင်မှာနွေ
ကြင်နာလေသမျှ အရှုံးကြီးရှုံး။

ကုသိုလ်ရေစက်နည်းရှာတော့
ခုလိုနွေရက်ထဲမှာလည်း
ကြွေမျက်ရည်မစဲနိုင်သမျှ
အသည်းစိုင်က တမြေ့မြေ့နဲ့
နွေ့,နွေ့ ညည မကျွတ်သေးပါဘူး
ရွေ့,ရွေ့ဘဝ ဝဋ်မှုအကြွေးတွေက
မေ့,မေ့သမျှ အလွတ်မပေးဘဲ
အုံ့ခဲကာ အကျိုးပေးပြီ ထင်. . . ထင်ပါရဲ့
ယှဉ်လာခဲ့သမျှ, ရှုံး. . . ရှုံး. . . ရှုံးပါလည်း
ရင်နာခဲ့သမျှ, ပြုံး. . . ပြုံး. . . ပြုံးနေပါ့မယ်
(ဒါပေမဲ့ အချစ်ရယ်)
အကြင်နာမဲ့သမျှတော့ မုန်း. . . မုန်း. . . မုန်း။

## မပြည့်အိုး

နွေရောက်လာသော် . . .
ဆောင်းကိုမျှော်သည်။

ဆောင်းရောက်လာသော် . . .
မိုးကိုမျှော်သည်။

မိုးရောက်လာသော် . . .
နွေကိုမျှော်သည်။

သြော် . . .
တော်ရာကျရာ၊ ပျော်ချင်ပါလည်း
လိုတာမရ၊ ရတာမကြိုက်
လူ့စရိုက်ကို . . .
နတ်လိုက်မနိုင်ပါတကား။

## ရွှက်ကြွေတစ်ခြမ်း

နှစ်ဖော်လက်တွဲ. . .
အပျော်ရက်ထဲမှာတော့
(သူနဲ့ကျွန်တော်)
စွယ်တော်ရွက် အသည်း။

သြော်. . .
ဆယ်ကျော်သက် ဘဝတစ်ဆစ်မှာ
စွယ်တော်ရွက်တမျှ ဖြစ်ခဲ့ကြလည်း
(ဘဝနွေ သည်လျှောက်လမ်းပေါ်ထိ)
ဘယ်ခေါ်ရက်ပဲ့မလဲ အချစ်ရယ်. . .
ဘယ်ခေါ်ရက်ပဲ့မလဲ။

# အရှုတ္တပုံပြင်

ငါမှတော်, ငါမှတတ်ပါတဲ့. . .
ကာလပေါ် ပကာသနဇာတ်မှာလည်း
မာနမျက်နှာ ဟန်ရယ်ပင့်လို့
မာန်ထည်ဝင့်သူ များလှပေ။

ငါဘာကောင်လဲ သိစေရမယ်လို့
အရာရာရှောင်မလွဲ ဖိနေသမျှရယ်တော့
ကြည့်နေရတာ, တယ်. . . စိတ်ပျက်ပေ့ါ
ကွယ်, သိပ်ခက်တဲ့ လူတွေ လူတွေ။

ဦးချိုငယ် ကော့ ကော့ ရွှန်းကို
မော့ မော့ လွန်းရှာ တသသမက်ရဲ့
အလှအတွက်နဲ့ ဘဝင်ခိုက်ကာနေ
ဘဝပျက်တဲ့ သမင်မိုက်ပမာပေ. . .
မြင်လိုက်တာလေ ရယ်စရာအတိ။

အမှန်တော့လည်းကွယ်. . .
သူလည်းလူ ကိုယ်လည်းလူပါပဲ. . .
အယူသည်းကာ ငါကောင်အစွဲများလို့
တဏှာအမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့
လမ်းသလားတဲ့ ကိလေသာတောမှာ
ရမ်းကားတဲ့ အသိတွေသာပေါလာတော့
ရောဂါစွဲလို့ သူ့မှာကပ်ငြိ. . .
မောစရာပဲမို့ လူ့ရွာဇာတ်အထိ. . .
ဟော. . . ဒီမှာလည်း ကုရာနတ္ထိ။

## ပိတောက်ဖွဲ့တေးထပ်

နွေဂိမာန် အခါဆန်း
ရွှာလမ်းမှ လျှောက်စဉ်၊
သာဆန်းပွဲ့ တစ်ခေါက်မြင်ပြီ
ပိတောက်ပင် ပွင့်ဝါဖွေး။
ခင်နမ ဦးထိပ်ပန်ရန်
ကူးစိတ်ကြံပေါ့ လက်မနေး။

ပိတောက်ခိုင် ပန်းရွှေဝါကို
လှမ်းခြွေကာ ရင်မှာထွေး။
ကွမ်းတောင်ကိုင် လုံမလေးနဲ့
ကြုံရသေးရဲ့ ဒီတစ်ခါ။
ကြည်နူးခြင်း ထိုအတွေးနဲ့
အပျိုလေးတို့ အိမ်ဘက်လာ။

ပန်းပေးရင်း ပြောချင်ရာကို
စောလျှင်စွာ တွေးတောလို့
ငေးမောရင်း ခင့်ကိုမြင်
မူးမေ့သွားချင်။
ခင့်ဆံမြ ကေသာတွင်ဖြင့်
ရွှေဝါစင် ပိတောက်နှင့်လေး။

# ဟန်ကိုယ်ဖို့

ပြစ်မရှိ အပြစ်ရှာ. . .
အချစ်၏ မျက်နှာကိုမငဲ့လို့
သစ္စာဆိုတဲ့ အတွယ်အတာစကားကို
(သူက)
ရယ်စရာများတောင် ထင်သတဲ့။

မနီးနိုင်. . .
အပြီးတိုင် လမ်းအခွဲမှာ
ဝမ်းနည်းစရာ တမင်မေ့လို့
အရင်နေ့ အတိတ်ဟောင်းကို
မောင်းထုတ်လိုက်ရဲ့။

သူကြင်မှ ကိုယ်ကြင်
ချင်းစိမ်းနဲ့ မိဿလင်ပမာ
တင်းထိန်းတဲ့ စိတ်အစဉ်မှာဖြင့်
အိပ်ရင်တောင် အိပ်မက်ထဲမလာနဲ့
ဘာတဲ့. . . အရင်ဇာတ်လမ်း။
ငါနဲ့ နင် ပြတ်ခန်း။

တစ်စက်မကျန် မေ့ပစ်ဖို့
မနက်ဖြန် နေ့သစ်တို့မှာလည်း
တွေ့ဖြစ်ဖို့ရာ လမ်းမရှိပြီမို့
လွမ်းမိရင် ဘဝင်နွမ်းမှာပေါ့
အမျှင်တန်းတာ ရပ်လို့
ရှင်ခန်းသာ ဖြတ်တာကောင်းပါရဲ့
(ဒီတော့လည်း)
သခင်ထားတဲ့ လမ်းမှာ
ရင်အခါးနဲ့ ကြမ်းပြမယ်
(ဘာတဲ့. . .)
နင်လားဟဲ့ အလွမ်း။

# နှစ်ဆယ့်တစ်ရာစု အရှုံးသမား

မပြုံးရဲပါဘူးကွယ်. . .
အရှုံးပွဲမှာ ပြန်ကာကွေ့ခဲ့ရသူမို့
နှလုံးအသည်းဟာ ဒဏ်ရာအပြည့်နဲ့ပါပဲ
ကံ, နာသရွေ့မှာသာဓကေထပ်ဖော်ရရင်ဖြင့်
မကြာခဏဖတ်သော်လည်း မဟောင်းပါတဲ့
ရာမဇာတ်တော်ထဲက အကြောင်းအရာနဲ့ပဲ
စာဖွဲ့လို့ ရင်ဖွင့်မည်။

ပြောသော်အကုန် မပြီးနိုင်ပေမယ့်
တောမှော်ရုံ ခရီးမြိုင်မှာလ
ရာမ၊ လက္ခဏ သမင်ဖမ်းစဉ်ပေါ့
ရှင်ခန်းဖြင့် မဝေးချင်သူက
သကြ်န်းနှင့် ဥပါယ်တံမျဉ်ရှာလို့
မယ်သီတာ စည်းပြင်အထွက်မှာ
လက်ဆွဲကာ သူ့တန်ခိုးနဲ့လည်း
ခိုးခဲ့ဖူးသည်။

အရင်ခါ ထိုဇာတ်တော်ကို. . .
ကိုယ်ဖတ်သော်လည်း ရင်မှာသီတာက
ငယ်စဉ်ခါ မချစ်ဖူးလေတော့
စစ်ဘီလူးအယူနဲ့. . .
အပြစ်ကျူးသူ မင်းဒသသရယ်လို့
ဒေါမနဿပွား မုန်းတီးခဲ့လေရဲ့. . .
ဒါပေမဲ့ကွယ်. . .
တကယ်ကြောက်စရာ ဖြစ်ရပ်ပါပဲ
အရွယ်ရောက်ကာ ချစ်တတ်လာတော့
အချစ်ဇာတ်မှာ ကိုယ် က,ရတာက
ရာမနေရာ မဟုတ်ပြန်ဘူး. . .
ရာဝဏပမာ သရုပ်သဏ္ဍာန်နဲ့
အမုန်းခံ အဖြစ်ကြုံလာမှ
အရှုံးဒဏ် အချစ်ဘုံမှာဖြင့်

စစ်ခင်းကာ ပြိုင်ဆိုင်လုချင်တဲ့
သူ့ရင်မှ နှလုံးသားကိုလည်း
စာနာနားလည်တတ်ခဲ့ပြီ. . .
ဇာတ်နဲ့အညီ ကြုံခဲ့တုန်း။

မဝေးချင်လည်း. . .
လေးတင်ပွဲမှာ ရှုံးသွားရာတော့
ဆွေးရင်ကွဲကာ ကြုံးဝါးတာက. . .
"ဟဲ့. . . ညီငယ်. . . ဘိဘိသနရဲ့၊
သူ့အတွက်ဆိုလေ. . .
ရှိရှိသမျှ ငါအကုန်စွန့်မယ်၊
သီတာငယ် သူ့ကိုရရင်ဖြင့်. . .
ဒီကမ္ဘာဝယ် သူ့အလိုကျဖြစ်စေရမယ်" တဲ့၊
ရာမနဲ့ စစ်ခင်းကာပြိုင်လို့
ရာဝဏရဲ့ ချစ်ခြင်းမဏ္ဍိုင်ကို
မင်းဒဿထုပြခဲ့သလိုပ
(သြော်. . . အခုလည်း)
တူရတယ် ဒီဇာတ်အရှုံးမှာဖြင့်
သူကတကယ် အပြုံးရပ်ကာပဲ
မုန်းတတ်တာ သီတာတမျှရယ်မို့
ဒဿလို စစ်ခင်းလုပါလည်း
ချစ်ခြင်းအမှုမှာ ကိုယ်ကံနည်းတာကြောင့်
ထိုရန်ပွဲမှာ အရှုံးကြီးရှုံးပါလို့
ဒဿကို သီတာမုန်းသလိုပ
ဇာတ်အစလို ရီကာမပြုံးနိုင်ဘူး
ဒီတစ်ခါရှုံးတဲ့ ပြိုင်ပွဲတစ်လျှောက်လုံး
(အချစ်ရယ်. . . မင်းစိတ်ကြိုက်)
မုန်းနိုင်သလောက် မုန်း. . . မုန်း. . . မုန်း။

လွမ်းဆွေးရခြင်း ကင်းဝေးကြပါစေ
ဟိန်းဆက်သွင်

# ထမင်းလုံးတရွေ

ကဗျာများ

ဖိုးဆောင်း
ဖိုးသက်
စိုးမင်းကျော်